# ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး
# တို့အကြား ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းမှုဖော်ဆောင်နိုင်ရေး
# ပဏာမ သဘောတူညီချက်

*ထာဝရတည်တံ့သော ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်သော အလို့ငှာ......*

- ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ထာဝရတည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက် ၁/၂၀၁၁ ကို အခြေခံ၍သော်၎င်း၊
- ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်တို့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီလုပ်ငန်းစဉ်များကို တဆင့်ပြီးတဆင့် လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် အတွက်သော်၎င်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်၏ တာဝန်ပေးချက်အရ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့်အဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီညီလာခံသက်တမ်း ဥက္ကဋ္ဌ Pu Zing Cung (ပူးဇင်ကျုံး) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (Dr. Sui Khar) ဒေါက်တာဆွေခါးရ်တို့၊ ထိုင်းနိုင်ငံတနေရာတွင် ပဏာမတွေ့ဆုံဆွေးနွေးမှု ပြုလုပ်ပြီးသည့်နောက်ပိုင်း၊ ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီညီလာခံသက်တမ်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဆုံးဖြတ်ချက်အမှတ် ၉/၂၀၁၁ အား ချင်းအမျိုးသားတပ်ဦး၏ ပထမအကြိမ်အရေးပေါ် ပါတီညီလာခံက ထပ်မံအတည်ပြုထောက်ခံပေးသဖြင့်၊ အဆိုပါအရေးပေါ်ညီလာခံ၏ သဘောတူထောက်ခံချက်အား အကောင်အထည်ဖေါ်ဆောင်နိုင်ရန် အတွက်သော်၎င်း၊
- သို့ဖြစ်၍၊ ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးအလို့ငှာ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့များသည် သမိုင်းတွင်မည့် အောက်ပါအချက်များအား နှစ်ဦးနှစ်ဖက် သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။

(၁) ချင်းပြည်နယ်အစိုးရ၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည်၊ ဤသဘောတူညီချက် လက်မှတ်ရေးထိုးသည့် အချိန်မှစပြီး၊ စစ်ရေးအပါအဝင် ရန်လိုမှုတိုက်ခိုက် ပစ်ခတ်မှုများကို နှစ်ဦးနှစ်ဖက် ချက်ခြင်းရပ်ဆိုင်းရန်သဘောတူသည်။

(၂) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ဤ သဘောတူညီချက်ပါ အကြောင်းအရာများကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ် ထန်တလန်မြို့တွင် ဆက်ဆံရေးရုံးဖွင့်ရန် သဘောတူသည်။ တီးတိန်နှင့် မတူပီ မြို့များတွင်ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်ရန်ကိစ္စနှင့်ပါတ်သက်ပြီး သက်ဆိုင်ရာသို့တင်ပြပြီး အကြောင်းပြန်ကြားမည် ဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ်ကာလအတွင်း ချင်းအမျိုးသားတပ်ဦး/တပ်မတော်တို့သည်၊ ထန်တလန်မြို့နယ် တလန်ပီးကျေးရွာအုပ်စု၊ ခွန်း ကျေးရွာအုပ်စုနှင့် ဖန်တလန်ကျေးရွာအုပ်စု၊ (၃) အုပ်စုဝန်းကျင်တွင် ယာယီအခြေပြုနေထိုင်ရန်သဘောတူသည်။ ၎င်းအပြင်၊ တီးတိန်မြို့နယ် ဖိမ်ပီးကျေးရွာအုပ်စု၊ ဘုတ်ဖိရ်ကျေးရွာအုပ်စု နှင့် ပလက်ဝမြို့နယ် ကုန်ပြင်ကျေးရွာအုပ်စု၊ ပါရာကျေးရွာအုပ်စု၊ ပထိန်တလန်ကျေးရွာအုပ်စု တို့တွင် နေထိုင်ရန်ကိစ္စနှင့် ပါတ်သက်ပြီး သက်ဆိုင်ရာ သို့တင်ပြ အကြောင်းပြန်ကြားမည် ဖြစ်ပါသည်။

(၃) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည်၊ လက်နက်ကိုင်ဆောင်ခြင်းမပြုသော ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်မတော် တပ်ဖွဲ့ဝင်များအား ပြည်ထောင်စုအတွင်း မည်သည့်နေရာ၌မဆို လွပ်လပ်စွာခရီးသွားလာခွင့်ပြုရန် သဘောတူသည်။

(၄) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် အချိန်နှင့်နေရာများ သတ်မှတ်နိုင်ရေး ထပ်မံတွေ့ဆုံမှုများကို အလျှင်အမြန် ပြုလုပ်ရန် သဘောတူသည်။ ထိုသို့ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် အခြေခံမူများအဖြစ် ဒို့တာဝန်အရေးသုံးပါးအပြင်၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့အား အခြေခံလျှက် တွေ့ဆုံဆွေးနွေးခြင်း ပြုလုပ်ရန်မူအားဖြင့် သဘောတူသည်။

(၅) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် ချင်းပြည်သူများ၏ သဘောထားကို အခြေခံလျှက် ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရေး ဤသဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည်နှင့် တပြိုင်နက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်သားများအား ပြည်တွင်းပြည်ပရှိ ချင်းပြည်သူများနှင့် လွပ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း (Public Consultation) ကို ပြုလုပ်ခွင့်ပြုရန် သဘောတူသည်။

(၆) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ချင်းပြည်သူပြည်သားများ ရင်ဆိုင်နေသည့် အစားအစာပြတ်လပ်မှု၊ ဆေးဝါးပြတ်လပ်မှု၊ သန့်ရှင်းသောသောက်သုံးရေများ ပြတ်လတ်မှု စသည့်ပြဿနာ များအား ဖြေရှင်းနိုင်ရန် နိုင်ငံတကာမှ အစိုးရမဟုတ်သည့် ပရဟိတအဖွဲ့ (Non-Governmental Organizations) များအား အဆိုပါကိစ္စများကို ချင်းပြည်နယ်အတွင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အထက်ဖော်ပြပါလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ လွပ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန် သဘောတူ သည်။

(၇) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အဆင်းရဲဆုံး ပြည်နယ်တခုဖြစ်သည့် ချင်းပြည်နယ်အား၊ ခေတ်မီတိုးတက်သည့် ပြည်နယ်တခုသို့ အသွင်ကူးပြောင်း နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ထောက်ပံ့မှုဖြင့် စီးပွားရေးအထူးဇုံ (Special Economic Zone(here in after SEZ) ကိုချင်းအမျိုးသားတပ်ဦးမှ (SEZ) ဥပဒေနှင့်အညီ ဦးဆောင်လုပ်ဆောင်ရန် သဘောတူသည်။ အဆိုပါ စီးပွားရေးအထူးဇုံ ထူထောင်ရေးကို ချင်းအမျိုးသား တပ်ဦးနှင့် ပြည်ထောင်စု အစိုးရတို့အကြား လုပ်ငန်းဖော်ဆောင်မှု ဆွေးနွေးလုပ်ဆောင်ရန် သဘောတူသည်။

(၈) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့သည် အပြန်အလှန်အကြံပေးခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဖလှယ်ခြင်းများကို လိုအပ်လျှင်လိုအပ်သကဲ့သို့ ပူးတွဲ လုပ်ဆောင်ရန် သဘောတူသည်။

(၉) ချင်းပြည်နယ်အစိုးရ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည်၊ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းခင်းများ၊ ဘိန်းလုပ်ငန်းများ၊ ဘိန်းကုန်ကူးခြင်းစသည်များကို အမြစ်ပြုတ် ချေမှုန်းနိုင်ရေး ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ အပြန်အလှန်ပူးပေါင်း လုပ်ဆောင်သွားရန် သဘောတူသည်။

ဤ သဘောတူညီချက် (၉) ချက်ကို ချင်းပြည်နယ်၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့်၊ ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပြည်ထောင်စုမြန်မာ နိုင်ငံတော် သမ္မတကြီးဦးသိန်းစိန် ဖွဲ့စည်းတာဝန်ပေးထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အဖွဲ့ဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်၊ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့တို့၏ ရှေ့မှောက်တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၆) ရက် နေ့၌ နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။

ချင်းပြည်နယ်
ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့

ဗိုလ်မှူးကြီး ဇော်မင်းဦး
ဝန်ကြီး
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

ဦးကပွတီအယ်လ်
ပြည်နယ် ဥပဒေချုပ်
ချင်းပြည်နယ် အစိုးရအဖွဲ့

ဒုတိယ ဗိုလ်မှူးကြီး ကိုကိုကြီး
စစ်ဦးစီးမှူး (ပထမတန်း) စစ်ဆင်ရေး
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

ဦးကျော်ဖြင့်အောင် (ဦးစီးအရာရှိ)
ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ချင်းပြည်နယ်)

ချင်းအမျိုးသားတပ်ဦး
ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့

ဒေါက်တာ ရွှေခါးရဲ
လက်ထောက် အတွင်းရေးမှူးချုပ် (၂)
ချင်းအမျိုးသားတပ်ဦး

H.C. ရာလ်နင်း
(အဖွဲ့ဝင်) အဓိပတိကောင်စီ
ချင်းအမျိုးသားတပ်ဦး

ဒေါက်တာ အင်ဒရူး ငွန်ကျုံးလျန်
ဥက္ကဌ၊ ဗဟိုတရားသူကြီးအဖွဲ့
ချင်းအမျိုးသားတပ်ဦး

ဗိုလ်မှူးကြီး ဆော်လမွန်
အတွင်းရေးမှူး၊ စစ်ရေးရာကော်မတီ
ချင်းအမျိုးသားတပ်ဦး

ဦးနေဝင်း
အတွင်းရေးမှူး
ချင်းပြည်နယ်အစိုးရအဖွဲ့

ပူး ရှိခေါ်မာ
အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကုန်သွယ်ရေးဌာန
ချင်းအမျိုးသားတပ်ဦး

ပူး ထက်နီ
အတွင်းရေးမှူး၊ ပြည်သူ့ရေးရာဌာန
ချင်းအမျိုးသားတပ်ဦး

ပူး လှထွန်း
ဗဟိုကော်မတီဝင်
ချင်းအမျိုးသားတပ်ဦး

ပူး ဒိုင်ကြားထန်
ဗဟိုကော်မတီဝင်
ချင်းအမျိုးသားတပ်ဦး

ဆလိုင်းပီတာ
ဗဟိုကော်မတီဝင်
ချင်းအမျိုးသားတပ်ဦး

အရာခံဗိုလ် ခင်မောင်လေး
စာရေးကြီး (စစ်ရုံးချုပ်)
ချင်းအမျိုးသားတပ်မတော်

အသိသက်သေများ

ဦးအောင်မင်း
ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့
ပြည်ထောင်စုဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ဦးဝင်းထွန်း
ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ
ဝန်ကြီးဌာန

ဦးဟုန်းငိုင်း
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

သိက္ခာတော်ရ ဒေါက်တာ လါလ်အုပ်
ဥက္ကဌ
ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့

သိက္ခာတော်ရ တလွန်ကျဲအို
အတွင်းရေးမှူး
ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့